# အခန်း ၁၂

# နောက်ထပ်အချက်အလက်များ စုဆောင်းခြင်း

**နိုင်ငံတကာ လုပ်ထုံးလုပ်နည်း**
**အပိုင်း (၄) - လက်တွေ့မှတ်တမ်းတင်ခြင်း - ပြင်ဆင်ခြင်း**
**စာမျက်နှာ ၁၈၆ - ၂၀၁**

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# အခန်းရည်ရွယ်ချက်များ

ကျူးလွန်ခဲ့သည့်နေရာများနှင့် စာရွက်စာတမ်းအထောက်အထားများကို မှတ်တမ်းတင်ခြင်း / ပြင်ဆင်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ခြင်း

ကျူးလွန်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများနှင့် ဒဏ်ရာများကို မည်ကဲ့သို့ အကောင်းဆုံး ဓာတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုမှတ်တမ်းနှင့် ကျူးလွန်ခဲ့သည့်နေရာများကို ပုံကြမ်းရေးဆွဲ ခြင်းတို့ကို ရှင်းပြနိုင်ခြင်း

သက်သေထိန်းသိမ်းမှုကွင်းဆက် ပုံစံအတွက် အခြေခံသတ်မှတ်ချက်များကို နားလည်သဘော ပေါက်ခြင်း


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများကို စုဆောင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၆ - ၁၉၂၊ အခန်း (၄) - လူပုဂ္ဂိုလ်တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ဝတ္တရားများ၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း၊ အခန်း (၁၀) - သက်သေခံအထောက်အထားအမျိုး အစားများ၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ / နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

- အချို့သော တရားစီရင်ပိုင်ခွင့်အာဏာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်သော သက်သေခံချက်ကို အတည်ပြုရန် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ လိုအပ်နိုင်သည် - ဒေသန္တရ သတ်မှတ်ချက်များနှင့် အတည်ပြုချက်ပေးခြင်းနှင့် သက်ဆိုင်သော သက်သေခံအထောက်အထားဆိုင်ရာ စည်းမျဉ်းများနှင့် အခြားသော သက်သေခံအထောက်အထားဆိုင်ရာ ကိစ္စရပ်များအတွက် သင်သည် သုတေသနပြုလုပ်ပြီး နားလည်သဘောပေါက်အောင် လုပ်ဆောင်ရမည်။

- နိုင်ငံတကာ ဥပဒေအရ ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နိုင်ငံတကာ ရာဇဝတ်မှုတစ်ခုအဖြစ် သက်သေပြသရန် သို့မဟုတ် အတည်ပြုရာတွင် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားသည် မလိုအပ် သလို အရေးဆိုလှုံ့ဆော်မှု (advocacy) သို့မဟုတ် တရားရေးမဟုတ်သော ရည်ရွယ်ချက်များအတွက် မှတ်တမ်းပြုစုခြင်း၏ တစ်စိတ်တစ် ပိုင်းအဖြစ်လည်း လိုအပ်ခြင်းမရှိပါ - သို့သော် ၎င်းကို အတည်ပြုဖို့လိုအပ် သည်။

- လုံးဝ မလိုအပ်ပါက ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားကို မစုဆောင်းပါနဲ့ - တူညီသောအကြောင်း အရာအချက်အလက်များကို အခိုင်အမာသက်သေထူဖို့အတွက် အခြားသော အချက်အလက်ကို သင်အသုံးပြုနိုင်ပါသလား?


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများကို စုဆောင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၆ - ၁၉၂ ၊ အခန်း (၄) - လူပုဂ္ဂိုလ်တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ဝတ္တရားများ ၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံအထောက်အထားအမျိုး အစားများ ၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ / နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

- ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာတစ်ခုမှ သက်သေခံအထောက်အထားတစ်ခုကို စုဆောင်းခြင်း သို့မဟုတ် ဖယ်ရှားခြင်းထက် ၎င်းကို ပုံကြမ်းဆွဲခြင်း၊ ဓါတ်ပုံရိုက်ကူးခြင်း သို့မဟုတ် ဗီဒီယို မှတ်တမ်းတင်ခြင်းတို့ကို စဉ်းစားသင့်သည်။

- သင့်တွင် သက်သေခံအထောက်အထားများ သိမ်းဆည်းရန် အပ်နှင်းထားသော လုပ်ပိုင်ခွင့် အာဏာရှိပြီး လေ့ကျင့်သင်ကြားတတ်မြောက်ထားသည့် ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် သင့်လျော်သော အဆောက်အအုံများ/ အရင်းအမြစ်များမရှိပါက ၊ သင်သည် ၎င်းကို မစုဆောင်းသင့်ပါ – မှန်ကန်စွာ ကိုင်တွယ်ခြင်းနှင့် သိမ်းဆည်းထားခြင်းမရှိသော ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများသည် မကြာခဏ အသုံးမဝင်တတ် ပါ။

- သင်သည် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများကို ထူးခြားသော ခြွင်းချက်အခြေအနေများတွင် သို့မဟုတ် မှတ်တမ်းတင်ရန် သို့မဟုတ် ထိန်းသိမ်းထားရန် တစ်ခုတည်းသော နည်းလမ်းဖြစ်မှသာ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများကို စုဆောင်းသင့်သည် – ထို့အပြင် သင်သည် သက်သေထိန်းသိမ်းမှုကွင်းဆက် ပုံစံ ကို ထိန်းသိမ်းထားရမည်။

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# စာရွက်စာတမ်း သက်သေခံအထောက်အထားများ စုဆောင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၆ - ၁၉၂ ၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံအထောက်အထားအမျိုး အစားများ ၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ ၊ နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

- စာရွက်စာတမ်း၊ မှတ်တမ်း သက်သေခံအထောက်အထားများသည် သက်သေခံချက်ကို ခိုင်မာစေရန်နှင့် ခိုင်လုံစေရန်အတွက် အသုံးဝင်နိုင်သည်။
- သင့်မှတ်တမ်းပြုစုခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် CARSV စာရွက်စာတမ်း၊ မှတ်တမ်း သက်သေခံအထောက်အထားများကို မြေပြင် ၊ ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများ သို့မဟုတ် လူပုဂ္ဂိုလ်များထံမှ ရရှိခြင်းတို့ဖြင့် တွေ့မြင်ရနိုင်သည်။ (ဥပမာ - ဆရာဝန်များ ၊ အစိုးရအရာရှိများ)
- ယေဘုယျအားဖြင့် ပြောရမည်ဆိုပါက ၊ အကယ်၍သင်သည် တရားဝင် စုံစမ်းစစ်ဆေးမှုများ မလုပ်ဆောင်ပါက ၊ စာရွက်စာတမ်း၊ မှတ်တမ်းများကို မစုဆောင်းသင့်ဘဲ အချက်အလက်များကို မိတ္တူကူးယူပြီး မှတ်တမ်း တင်ခြင်းကိုသာ လုပ်ဆောင်ပါ။

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# စာရွက်စာတမ်း သက်သေခံအထောက်အထားများ စုဆောင်းခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈၆ - ၁၉၂ ၊ အခန်း (၇) - ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု ၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံအထောက်အထားအမျိုး အစားများ ၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်း အရင်းများ ၊ နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

- သင့်တွင် စာရွက်စာတမ်း၊ မှတ်တမ်းများကို သိမ်းဆည်းရန် သို့မဟုတ် တောင်းဆိုရန် အခွင့်အာဏာ လုပ်ပိုင်ခွင့်မရှိသော်လည်း၊ သင့်တွင် သင့်လျော်ပြီး လုံခြုံစွာသိုလှောင်ရန် (နှင့် အကယ်၍ သင့်အတွက် လုံခြုံမှုရှိပါက) လုပ် ဆောင်နိုင်စွမ်းရှိလျှင် ၎င်းတို့ကို လက်ခံနိုင်သည်။

**<u>စာရွက်စာတမ်း၊ မှတ်တမ်းများ ကိုင်တွယ်ရာတွင် အောက်ဖော်ပြပါ အနိမ့်ဆုံးသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါ။</u>**

လျှို့ဝှက်ထားရမည့်အရာများကို လေစားပါ။

တိကျစွာ မိတ္တူကူးယူပြီး မှတ်တမ်းတင်ပါ။

အခွင့်အာဏာ လုပ်ပိုင်ခွင့် မရှိဘဲ စာရွက်စာတမ်း၊ မှတ်တမ်းများကို သိမ်းယူခြင်းမပြုရပါ။

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# IICI စာရွက်စာတမ်း၊ မှတ်တမ်းများ ကိုင်တွယ်ခြင်း

## အောက်ဖော်ပြပါ အနိမ့်ဆုံးသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**၁။ လျှို့ဝှက်ထားရမည့်အရာများကို လေစားပါ။**

- စာရွက်စာတမ်း၊ မှတ်တမ်းများကို ဘေးကင်းလုံခြုံစွာ၊ ကျင့်ဝတ်သိက္ခာရှိစွာနှင့် ဥပဒေအတိုင်း ကိုင်တွယ်မှု ဝေသင့်သည်။
- ကျူးလွန်ခံရသူများ / သက်သေများအတွက် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို အကဲဖြတ်ပါ။
- ကိုယ်ရေးကိုယ်တာအချက်အလက်မျှဝေခြင်းသည် ကြိုတင်အသိပေး သဘောတူညီချက်ရယူရန်လို အပ်သည်။

**၂။ တိကျစွာ မိတ္တူကူးယူပြီး မှတ်တမ်းတင်ပါ။**

- သက်ဆိုင်ရာ အချက်အလက်များ (ရက်စွဲ ၊ အခြေအနေ၊ အကြောင်းအရာများ) ကို မှတ်တမ်းတင်ပါ။
- တတိယ/ပြင်ပ အဖွဲ့အစည်း အရင်းအမြစ်များသည် ထွက်ဆိုချက်တစ်ခုပေးသင့်သည်။
- မိတ္တူများသည် ရှင်းလင်းပြီး နှစ်ဖက်စလုံး ပါဝင်ပါစေ။

**၃။ အခွင့်အာဏာ လုပ်ပိုင်ခွင့်မရှိဘဲ စာရွက်စာတမ်း၊ မှတ်တမ်းများကို သိမ်းယူခြင်း မပြုရပါ။**

- အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာမရှိဘဲ စာရွက်စာတမ်း၊ မှတ်တမ်းများကို သိမ်းဆည်းခြင်း / ဖယ်ရှားခြင်း မပြုလုပ်ရပါ။
- စာရွက်စာတမ်း၊ မှတ်တမ်းများကို သင်အနေဖြင့် လုံခြုံစွာ သိမ်းဆည်းနိုင်ပြီး အုပ်ထိန်းမှုကွင်းဆက် သတ်မှတ်ချက်များနှင့်အညီ လိုက်နာနိုင်မှသာ စုဆောင်း / လက်ခံခြင်းကို လုပ်ဆောင်သင့်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၈ - ၁၉၈၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း၊ အခန်း (၁၀) - သက်သေခံအထောက်အထားအမျိုး အစားများ၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ၊ နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

- အကယ်၍သင်သည် CARSV ဖြစ်ပွားခဲ့သည့် တည်နေရာ သို့မဟုတ် နေရာတစ်ခုကို ဘေးကင်းလုံခြုံစွာ သွားရောက်နိုင်ပါက ၊ ၎င်းသည် အလွန်တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာ ၊ စာရွက်စာတမ်းနှင့် ဒစ်ဂျစ်တယ် အချက်အလက်များရရှိနိုင်မည့် အရင်းအမြစ်တစ်ခုဖြစ်နိုင်ပြီး - သက်သေခံထွက်ဆို ချက်ကို အတည်ပြုနိုင်မည် – ဆေးဘက်ဆိုင်ရာ / မှုခင်းဆေးပညာဆိုင်ရာ ကျွမ်းကျင်သူများ၏ အတည်ပြုချက်သည် အဓိကကျသည်။

- ရာဇဝတ်မှုကျူးလွန်ခဲ့သည့် တည်နေရာ၏ ဓါတ်ပုံများ သို့မဟုတ် ဗီဒီယိုမှတ်တမ်းများ ရယူခြင်း၊ ပုံကြမ်းဆွဲခြင်း နှင့် GPS မြေပုံညွှန်းများကို မှတ်တမ်းတင်ခြင်းသည် နေရာနှင့် အကြောင်းအရာနှင့် ဆက်စပ်သည့်အချက် အလက်များ သက်သေထူထောင်ရာတွင် အကူညီတစ်ခုပေးနိုင်သည်။

- သင်သည် တည်နေရာမှ သက်ဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ၊ စာရွက်စာတမ်း သို့မဟုတ် မှုခင်းဆေးပညာဆိုင်ရာ သက်သေခံအထောက်အထားများကို စုဆောင်းရန်အတွက် သင့်လျော်သော လေ့ကျင့်တတ်မြောက်ထားသော ဝန်ထမ်းများရှိသင့်သည် – မဟုတ်ပါက ၊ သင်သည် တည်နေရာကိုသာ မှတ်တမ်းတင်ခြင်းနှင့် မှတ်တမ်းပြုစုသင့်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ - ၁၈၉၊ အခန်း (၉) - စီမံချက် ရေးဆွဲခြင်း၊ အခန်း (၁၀) - သက်သေခံ အထောက်အထားအမျိုး အစားများ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း၊ နောက် ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ / နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

## ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများတွင် တွေ့ရှိနိုင်သည့် သက်သေခံအထောက်အထားအမျိုးအစားများမှာ -

- အဝတ်အစား၊ ယူနီဖောင်းများ၊ မွေ့ယာ၊ အိပ်ယာခင်းများ
- လက်နက်များ၊ ဓါးများ၊ ကျည်ဆံများ ၊ ကျည်ဆံခွံများ၊ ဗုံးဆန်
- အစွန်းအထင်းများ၊ သွေး၊ သုတ်ရည် သို့မဟုတ် အခြား ခန္ဓာကိုယ်မှ အရည်များ
- စာရွက်စာတမ်းများ၊ တရားဝင်မှတ်တမ်းများ၊ တာဝန်ထမ်းဆောင်မှု မှတ်တမ်းများ၊ သက်သေခံ ကတ်ပြားများ
- ဖုန်းများ၊ ကွန်ပျူတာများ၊ အခြားသော အီလက် ထရွန်နစ် ပစ္စည်းများ
- ခန္ဓာကိုယ်များ၊ ခန္ဓာကိုယ်အစိတ် အပိုင်းများ၊ အရိုးစု အကြွင်းအကျန်များ
- ဝင်ရောက်နေထိုင်မှု သက်သေခံအထောက် အထားပစ္စည်းများ (အစား အစာ၊ အမှုန့်၊ မူးယစ်ဆေး ဝါးများ / အရက်)
- အခင်းအကျင်း၊ ရာဇဝတ်မှု ဖြစ်ပွားရာနေရာ၏ ရုပ်ပိုင်း ဆိုင်ရာ ထူးခြားသော ဝိသေသ လက္ခဏာ သက်သေများ


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ - ၁၈၉-၁၉၂ ၊ အခန်း (၉) - စီမံချက် ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံ အထောက်အထားအမျိုးအစားများ ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း ၊ နောက်ဆက်တွဲ (၃) - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ မစုဆောင်းသင့်သည့် အကြောင်းအရင်းများ / နောက်ဆက်တွဲ (၉) - သက်သေထိန်းသိမ်းမှု ကွင်းဆက်ပုံစံ

ဆွေးနွေးခဲ့သည့်အတိုင်း ၊ သင်သည် လေ့ကျင့်သင်ကြားတတ်မြောက်ထားပြီး အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာ၊ လိုအပ်သည့် ပစ္စည်းကိရိယာများနှင့် အခြားအရင်းအမြစ်များမရှိပါက ရာဇဝတ်မှု ကျူးလွန်ခဲ့သည့်နေရာမှ မည်သည့် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားမျိုးကိုမဆို မစုဆောင်းသင့်ပါ။

**<u>တည်နေရာကို မှတ်တမ်းတင်ရန် အောက်ပါအဆင့်များကို အသုံးပြုပါ။</u>**

1. တည်နေရာကို မှတ်တမ်းတင်ပါ။
2. ရာဇဝတ်မှုကျူးလွန်ခဲ့သည့် တည်နေရာအတွက် စီမံခန့်ခွဲသူတစ်ဦးကို ခန့်အပ်ပါ။
3. လုပ်ဆောင်ခဲ့သည့်အရာများကို မှတ်သားပါ။
4. သက်သေခံအထောက်အထား / တည်နေရာကို ဓါတ်ပုံရိုက်ပါ။
5. သက်သေခံအထောက်အထား / တည်နေရာကို ပုံကြမ်းဆွဲပါ။
6. ရာဇဝတ်မှုကျူးလွန်ခဲ့သည့်တည်နေရာကို သင်တွေ့ခဲ့သည့်အတိုင်း ထားပြီး ထွက်လာပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း

## တည်နေရာကို မှတ်တမ်းတင်ရန် အောက်ပါအဆင့်များကို အသုံးပြုပါ။

### ၁။ တည်နေရာကို မှတ်တမ်းတင်ပါ။

- အသေးစိတ် GPS တည်နေရာအမှတ်များ / မြေပုံအညွှန်းများကို ရယူပါ။
- မည်သည့် အထင်ကရနေရာများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ထူးခြားသော ဝိသေသ လက္ခဏာအပိုင်းများကို မှတ်တမ်းတင်ပါ။
- ဖော်ထုတ်နိုင်မည့် အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားပါ။

### ၂။ ရာဇဝတ်မှုကျူးလွန်ခဲ့သည့် တည်နေရာအတွက် စီမံခန့်ခွဲသူ တစ်ဦးကို ခန့်အပ်ပါ။

- သင့်အဖွဲ့ဝင်တစ်ဦးသည် တည်နေရာ စီမံခန့်ခွဲသူအဖြစ် ဆောင်ရွက်သင့်သည်။
- ၎င်းတို့သည် တည်နေရာကို လာရောက်သူများအားလုံး၏ မှတ်တမ်းစာအုပ် တစ်အုပ်ကို ထိန်းသိမ်း ထားသင့်သည်။
- ၎င်းတိုသည် အဆိုပါ မှတ်တမ်းစာအုပ်ကို လုံခြုံအောင် ထိန်းသိမ်းထားရန်လည်း တာဝန်ရှိသည်။

### ၃။ လုပ်ဆောင်ခဲ့သည့် အရာများကို မှတ်သားပါ။

- တည်နေရာ စီမံခန့်ခွဲသူသည် တည်နေရာတွင် ရောက်ရှိနေသူများ၊ ရှာတွေ့ခဲ့သည့် အရာ၊ ရှာတွေခဲ့သည့်အချိန်နှင့် ရှာတွေ့ခဲ့သည့် အရာများနှင့်ပတ်သက်ပြီး မည်ကဲ့သို့ လုပ်ဆောင်ခဲ့သည်တို့ကို အသေးစိတ်မှတ်တမ်းများ ရယူထားသင့်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း

## တည်နေရာကို မှတ်တမ်းတင်ရန် အောက်ပါအဆင့်များကို အသုံးပြုပါ။

**၄။ သက်သေခံအထောက် အထား / တည်နေရာကို ဓါတ်ပုံရိုက်ပါ။**

- မူလအတိုင်း တည်နေရာ/ အကြောင်းအရာများကို မှတ်တမ်းတင်ပါ ၊ စကေး အတိုင်းအတာကို ဖော်ပြပြပါ။
- ခြုံငုံလျက်၊ အကြောင်းအရာနှင့် အနီးကပ် ဓါတ်ပုံများ ပါဝင်အောင် ရိုက်ကူးပါ။
- ဓါတ်ပုံမှတ်တမ်းတစ်ခုကို ထိန်းသိမ်းပါ (လူ ၊ နေ့စွဲ ၊ အချိန်)

**၅။ သက်သေခံအထောက် အထား / တည်နေရာကို ပုံကြမ်းဆွဲပါ။**

- ပုံကြမ်းသည် အပေါ်ယံမှ ဆွဲထားသည့် ပုံစံဖြစ်ပြီး အတိုင်းအတာများ ပါဝင်သည်။
- အဓိကအင်္ဂါရပ်များ ၊ တည်နေရာ ၊ သက်သေခံအထောက်အထားအမျိုးအစား ထည့်သွင်းပါ။
- ပုံကြမ်းကို လက်မှတ်ထိုးပြီး ရက်စွဲတပ်ပါ။

**၆။ ရာဇဝတ်မှုကျူးလွန်ခဲ့ သည့်တည်နေရာကို သင်တွေ့ခဲ့သည့်အတိုင်းထားပြီး ထွက်လာပါ။**

- တည်နေရာကို မူလအတိုင်း မပျက်စီးအောင်ထားပါ/သက်သေခံအထောက်အထားပစ္စည်းကို စုဆောင်းပါ။
- အကယ်၍ သင်သည် သေချာလေ့ကျင့်တတ်မြောက်ထားခြင်း၊ မှတ်တမ်းတင်လို့ မရခြင်းနှင့် ဖျက်ဆီးခံနိုင်ရသည်ဟု ယုံကြည်ပါက ၎င်းသက်သေခံအထောက်အထားပစ္စည်းကို ဖယ် ရှားပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ဓါတ်ပုံရိုက်ကူးခြင်း၊ ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်းနှင့် ပုံကြမ်းဆွဲခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၃ - ၁၉၈၊ အခန်း (၇) - ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှု

- သင်သည်မြေပြင်တွင် ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ညွှန်ပြသည့်နေရာများ နှင့်/သို့မဟုတ် ပစ္စည်းများကို သင်မြင်တွေ့ရနိုင်သည်။
- အဆိုပါ အချက်အလက်ကို ဓါတ်ပုံရိုက်ကူးခြင်း ၊ ပုံကြမ်းဆွဲခြင်း နှင့် (ဖြစ်နိုင်ပါက) ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်းပြုလုပ်ရန် သင်ရည်ရွယ်သင့်သည် - ၎င်းသည် နောင်တွင် တရားမျှတမှု သို့မဟုတ် ပြန်လည် ကုစားပေးလျော်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အားကောင်းသော သက်သေခံ အထောက်အထား ဖြစ်နိုင်သည် - ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားဖြစ်စဉ်တွင်၊ သက်ဆိုင်ရာ အခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့် အရင်းအမြစ်များမရှိလျှင် ၎င်းသည် စုဆောင်းခြင်းထက် အများကြီး ပိုမိုကောင်းမွန် သည်။
- ဆေးဘက်ဆိုင်ရာ ပညာတစ်ရပ်ရပ်ကို လက်တွေ့ကျင့်သုံးသူကသာ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ဓါတ်ပုံရိုက်သင့်ပြီး ၊ ကျူးလွန်ခံရသူ / သက်သေ၏ သဘောတူညီချက် အမူအရာ ထုတ်ဖော်ပြသမှုဖြင့်သာ ဓါတ်ပုံရိုက်သင့်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ဓါတ်ပုံရိုက်ကူးခြင်း နှင့် ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၃ - ၁၉၇ ၊ အခန်း (၇) - ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများ ဖြစ်ပေါ်ခြင်းမရှိစေမှုနှင့် အခန်း (၉) - စီမံချက်ရေးဆွဲခြင်း

- သင်သည် ဓါတ်ပုံများနှင့် ဗီဒီယိုများသည် စစ်မှန်ကြောင်း သက်သေပြသနိုင်ပါက ၎င်းတို့သည် အလွန် အသုံးဝင်သော သက်သေခံအထောက်အထားများ ဖြစ်နိုင်သည်။ ဥပမာ - ၎င်းတို့သည် မည်ကဲ့သို့ စစ်မှန်ကြောင်းပြသပါ။

- သက်သေခံအထောက်အထားများ၏ စစ်မှန်မှုကို စိန်ခေါ်စောဒကတက်နေသော အခြားသူများ၏ အန္တရာယ်များကို လျှော့ချရန်နှင့် ၎င်း၏ သက်သေခံအထောက်အထားပြသနိုင်မှု တန်ဖိုးကို မြှင့်တင်ရန်၊ သင်သည် အခြေခံအဆင့်အချို့ကို လိုက်နာသင့်သည်။

- ရာဇဝတ်မှု ကျူးလွန်ခဲ့သည့်နေရာများ ၊ ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများ နှင့်/သို့မဟုတ် ဒဏ်ရာများကို ဓါတ်ပုံများ / ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်းများကို မလုပ်ဆောင်မီ ၊ အထူးသဖြင့် သင်သည်အောက်ဖော်ပြပါတို့ကို လုပ်ဆောင်သင့်သည်-

| | | |
|---|---|---|
| **သင်၏ ကင်မရာ / ရက်/အချိန်** လုပ်ဆောင်ချက်ကို မည်ကဲ့သို့ အသုံးပြုရမည်ကို လေ့လာသင်ယူပါ။ | လူတစ်ဦး/ ရာဇဝတ်မှု ကျူးလွန်ခဲ့သည့် နေရာများ၏ ဓါတ်ပုံများ/ ဗီဒီယိုများကို ရယူရန်အတွက် **ကြိုတင်အသိပေး သဘောတူညီချက်** / ခွင့်ပြုချက် ရယူပါ။ | **ဘယ်အရာ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘာကြောင့်**နှင့် **မည်သူမှ** ဓါတ်ပုံများ/ ဗီဒီယိုများကို ရိုက်ကူးခဲ့သည်ကို ရှင်းပြရန် ထွက်ဆိုချက်ပေးဖို့ ပြင်ဆင်ပါ။ |

# ဓါတ်ပုံရိုက်ကူးခြင်း နှင့် ဗီဒီယိုမှတ်တမ်းရိုက်ကူးခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၃ - ၁၉၇၊ အခန်း (၇) - ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ်ခြင်းမရှိစေမှု

ဓါတ်ပုံများ / ဗီဒီယိုများကို **တတ်နိုင်သမျှ အမြန်ဆုံးရိုက်ပြီး** ရာဇဝတ်မှုကျူးလွန်ခဲ့သည့် တည်နေရာ / ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားကို **လက်ရာမပျက်ပါစေနဲ့။**

ရာဇဝတ်မှုကျူးလွန်ခဲ့သည့် နေရာများ / ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားများအတွက် ၊ **မတူညီသောရှုထောင့်များ**မှ ရိုက်ချက်များ (ခြုံငုံ ၊ အကြောင်းအရာနှင့် အနီးကပ်) မှ အတိုင်းအတာဖြင့် ရိုက်ယူပါ။

ဓါတ်ပုံများ / ဗီဒီယိုများသည် သေချာ **ရှင်းလင်း**တိကျမှုရှိပြီး၊ **အခြားရွေးချယ်စရာ မရှိမှသာလျှင် စမတ်ဖုန်းတစ်ခု**ကို အသုံးပြုသင့်သည်။

ကင်မရာ ရက်စွဲနှင့် အချိန်လုပ်ဆောင်ချက်ကို အသုံးပြု၍ **ဓါတ်ပုံများ/ဗီဒီယိုများ**ကို ရက်စွဲတပ်ပါ သို့မဟုတ် အစပိုင်းတွင် အဲ့ဒီနေ့ထုတ်သတင်းစာကို ဓါတ်ပုံ / ဗီဒီယိုရိုက်ပါ။

ကျူးလွန်ခံရသူများ / သက်သေများနှင့်အခြားသော ခိုင်လုံသော သက်သေခံအထောက်အထားများကို ဓါတ်ပုံများ/ ဗီဒီယိုများနှင့် တွဲဖက်နိုင်ရန် **မှုခင်းဖြစ်စဉ် ခွဲခြားမှုစနစ် (case identifier) တစ်ခု**ကို အသုံးပြုပါ။

ဓါတ်ပုံများ / ဗီဒီယိုများကို နံပါတ်တပ်သည့်စနစ်ဖြင့် **စာရင်းပြုစုပါ** ၊ အချက်အလက်များအားလုံး (ဘယ်သူ ၊ ဘယ်အချိန် အစသဖြင့်) ကို **မှတ်တမ်းစာအုပ်**တွင် မှတ်သားပြီး **အုပ်ထိန်းမှုကွင်းဆက်**ကို ထိန်းသိမ်းထားပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ရှပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို ဓါတ်ပုံရိုက်ကူးခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၃ - ၁၉၇ ၊ အခန်း (၇) - ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှု

## ဒဏ်ရာများကို ဓါတ်ပုံရိုက်ကူးသည့်အခါ နောက်ထပ်အကြံပြုချက်များ

- ကျူးလွန်ခံရသူ၏ ကြွေ သမ္မတ္တိကို အချိန်တိုင်း ထိန်းသိမ်းစောင့်ရှောက်ပါ။
- လူထူထပ်သော နောက်ခံများကို ရှောင်ပါ။
- တစ်သမတ်တည်းဖြစ်သော နည်းလမ်းကို အသုံးပြုပါ ဥပမာ - ဘယ်မှညာ သို့မဟုတ် အပေါ်မှအောက်
- ဖော်ထုတ်နိုင်ရန်အတွက် ကျူးလွန်ခံရသူ၏ မျက်နှာကို ဓါတ်ပုံရိုက်ကူးခြင်း။
- ဒဏ်ရာ အတိုင်းအတာကို ပြသရန် ကျူးလွန်ခံရသူ၏ တစ်ကိုယ်လုံးပုံကို ဓာတ်ပုံ ရိုက်ပါ။
- ဒဏ်ရာရထားသော ခန္ဓာကိုယ်အစိတ်အပိုင်းကို ပြသရန်အတွက် ဒဏ်ရာ တစ်ခုစီကို အလယ်အလတ် အကွာအဝေးဖြင့် ဓါတ်ပုံရိုက်ပါ။
- ဒဏ်ရာတစ်ခုစီ၏ အနီးကပ် ဓါတ်ပုံ ရိုက်ချက်များကို စကေးပြချက်တစ်ခုဖြင့် ရိုက်ပါ။
- ဒဏ်ရာတစ်ခုစီကို အနည်း ဆုံး နှစ်ကြိမ် ဓါတ်ပုံရိုက်ပါ။ ၉၀ ဒီဂရီ ထောင့်မှ ရိုက်ကူး ထားသော ဓါတ်ပုံတစ်ပုံ အပါအဝင်။

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ဗီဒီယို ရိုက်ကူးခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၃ - ၁၉၇ ၊ အခန်း (၇) - ပဋိပက္ခကို သတိပြုနားလည်မှုနှင့် ဆိုးကျိုးများဖြစ်ပေါ် ခြင်းမရှိစေမှုနှင့် အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး

## ဗီဒီယိုမှတ်တမ်းများ ရယူသည့်အခါတွင် နောက်ထပ်အကြံပြုချက်များ

ဓာတ်သံနှော၍/ဓာတ်နာသည့် ပုံစံဖြင့် မပြန်ဘဲ တိတ်တိတ်ဆိတ် ဆိတ် ရိုက်ကူးပါ၊ ဓတ်သံ နှော၍ ပြောပြခြင်းကို ရှောင်ရှားပါ။

သက်သေ၏ ထွက်ဆိုချက် နှင့်အတူ ဗီဒီယိုသက်သေခံ အထောက်အထားများကို အတည်ပြုပါ / ပံ့ပိုးပေးပါ။

ဗီဒီယို၏ တစ်စိတ်တစ်ပိုင်းကို ဖြတ်တောက်ထားသည်ဟု ပြောဆိုချက်များကို ရှောင်ရှားရန် ၊ ရိုက်ကူးခြင်းကို ရပ်တန့်ခြင်း ပြန်စခြင်းမပြုရ။

ဖန်သားပြင်ပေါ်တွင် ပြသထား သည့် တိကျသော ရက်စွဲနှင့် အချိန်နှင့် ရိုက်ကူးပါ။

အသေးစိတ်အချက်အလက်များ ကို ချဲ့ပြီး မရိုက်ကူးမီ တည်နေရာ / ပတ်ဝန်းကျင်ကို ရိုက်ကူးပါ။

အကြမ်းဖက်မှု ကျူးလွန်နေ သည်ကို ရိုက်ကူးနေချိန်တွင်၊ သက်သေခံအထောက်အထား များ ရရှိရေးထက် သင်၏ လုံခြုံရေးကို ဦးစားပေးပါ။

လူသေအလောင်း / ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထား ဗီဒီယိုမှတ်တမ်းကို ရိုက်ကူးရာတွင် ၃၆၀ ဒီဂရီကို ပထမဦးဆုံး ရိုက်ကူးပြီး၊ သက်သေခံအထောက်အထားကို စက်ဝိုင်းဝိုင်း၍ ပတ်ချာလည် ချဲ့ပြီး ရိုက်ကူးပါ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ပုံကြမ်းဆွဲခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၈

- ပုံကြမ်းတစ်ခုသည် ဓါတ်ပုံတစ်ပုံထက် အသုံးဝင်သော အခြားရွေးချယ်စရာ သို့မဟုတ် ပံ့ပိုးမှုတစ်ခုဖြစ်ပြီး၊ ၎င်းကို တစ်ဆင့်ခံ (secondary) သက်သေခံအထောက်အထား သို့မဟုတ် သင်၏ မှတ်ဉာဏ်ကို အလွယ်တကူ ပြန်လည်ဆန်းသစ်စေရန် အသုံးပြုနိုင်သည်။

တည်နေရာကို ဓါတ်ပုံများ ရိုက်ပြီးနောက် ဘာမှမရွှေ့မီ ပုံကြမ်းဆွဲပါ။

ငှက်မျက်လုံး ပုံကြမ်း (အသုံးအများဆုံးဖြစ်သော်လည်း သို့မဟုတ် အမြင့်များ မပါဝင်ပါ) ဘေးကြည့်အနေအထား ပုံကြမ်းဆွဲပါ။

တည်နေရာတစ်ခုလုံး ၊ အရာဝတ္ထုများ အပါအဝင် သင့်လျော်ပါက ပါဝင်သည့် သူများကိုပါ ပုံကြမ်းဆွဲပါ။

ဖြစ်နိုင်ပါက၊ GPS မြေပုံညွှန်းများ သို့မဟုတ် အခြားသောနည်းဖြင့် တည်နေရာကို မြေပုံထုတ်ပါ။

ခေါင်းစဉ် (ပုံကြမ်းသည် မည်သည်ကို ကိုယ်စားပြုသည်) ၊ အချိန်၊ ရက်စွဲ ၊ နေရာနှင့် ပုံကြမ်းဆွဲသူ၏ အမည်ကိုပါ ထည့်သွင်းပါ။

အရပ်မျက်နှာများ (ဥပမာ - မြောက်အရပ်) ၊ အသုံးပြုထားသော အတိုင်းအတာ စကေး နှင့် ခန့်မှန်းခြေ တိုင်းတာချက်များ / အကွာအဝေးများကို ညွှန်ပြပါ။

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိန်းသိမ်းမှု ကွင်းဆက်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၉-၂၀၁ ၊ အခန်း (၉) - စီမံချက် ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံအထောက်အထားအမျိုးအစားများ ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း / နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှု ကွင်းဆက် ပုံစံ

- အုပ်ထိန်းမှုကွင်းဆက်ဆိုသည်မှာ သက်သေခံအထောက်အထားများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်း နှစ်ကာလအလိုက် စဉ်ထားသော စာရွက်စာတမ်းမှတ်တမ်းများ ကို ထိန်းသိမ်းသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ ၎င်း၏ စစ်မှန်မှု၊ ခိုင်မြဲမှုနှင့် တာဝန်ခံမှု ရည်ရွယ်ချက်များကို ပြသရန်ဖြစ်သည်။
- အုပ်ထိန်းမှုကွင်းဆက်သည် စာရွက်စာတမ်း/ပစ္စည်းတစ်ခုသည် မည်သည့်နေရာမှ ရောက်ရှိလာသည်နှင့် ၎င်းသည် လုပ်ကြံဖန်တီးထားခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲထားခြင်းမရှိကြောင်း ပြသရန် ရည်ရွယ်သည်။
- အုပ်ထိန်းမှုကွင်းဆက်၏ အခြေခံသဘောတရားများသည် စာရွက်စာတမ်း၊ မှတ်တမ်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားနှစ်ခုလုံးအတွက် အကျုံးဝင်သည် ၊ ရုပ်ပိုင်းဆိုင်ရာ / စာရွက်စာတမ်းပုံစံရှိသော ဒစ်ဂျစ်တယ်သက်သေခံအထောက်အထားများ (ဥပမာ - စာရွက်ဖြင့် ထုတ်ထားသော ဓါတ်ပုံများ သို့မဟုတ် memory stick ပေါ်တွင် သိမ်းထားသော ဓါတ်ပုံများ) လည်း အပါအဝင်ဖြစ်သည်။

# ထိန်းသိမ်းမှု ကွင်းဆက်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၉-၂၀၁ ၊ အခန်း (၉) - စီမံချက် ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံ အထောက်အထားအမျိုးအစားများ ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း / နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှု ကွင်းဆက် ပုံစံ

စာရွက်စာတမ်း / ပစ္စည်းတစ်ခု၏ အုပ်ထိန်းမှုကွင်းဆက်တစ်ခုကို ထိန်းသိမ်းထားရန် သင်အနေဖြင့် အောက်ဖော်ပြပါကို ဆောင်ရွက်ရမည် -

စာရွက်စာတမ်း / ပစ္စည်းကို မည်ကဲ့သို့ **စုဆောင်းခဲ့သနည်း ?**

+

၎င်း၏ လက်ဝယ် ရရှိမှုကို မည်ကဲ့သို့ **လွှဲပြောင်းပေးအပ် ခဲ့သနည်း?**

=

**အုပ်ထိန်းမှု ကွင်းဆက်**

သင်၏ တရားစီရင်ပိုင်ခွင့် အာဏာအောက်တွင် အုပ်ထိန်းမှုကွင်းဆက်များအတွက် သက်ဆိုင်သော ဥပဒေဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များကို ရှာဖွေရမည်။

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိန်းသိမ်းမှု ကွင်းဆက်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၉-၂၀၁ ၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံ အထောက်အထားအမျိုးအစားများ ၊ အခန်း (၁၃) - အချက်အလက်သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း ၊ နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှု ကွင်းဆက် ပုံစံ

## ထိန်းသိမ်းမှု ကွင်းဆက်ကို ထိန်းသိမ်းရန် အောက်ဖော်ပြပါအဆင့်များကို လိုက်နာရမည် -

| | |
|---|---|
| ၁။ စာရွက်စာတမ်း / ပစ္စည်းကို အညွှန်းတပ်ပါ။ | • အမှုတွဲအမှတ်စဉ်တစ်ခု ၊ စုဆောင်းသည့် ရက်စွဲ ၊ ၎င်းကို စုဆောင်းခဲ့သူ / စုဆောင်းသည့်နေရာတွင် ရောက်ရှိနေသူများ ၊ ၎င်းကို စုဆောင်းခဲ့ သည့်နေရာ သို့မဟုတ် မည်သူထံမှ ရရှိခဲ့သည်တို့ ထည့်သွင်းဖော်ပြရမည်။ |
| ၂။ အသေးစိတ် မှတ်စုများရေးပါ။ | • လုံခြုံမှုရှိစေရန် ဆောင်ရွက်ချက်များ ၊ ထိန်းသိမ်းရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ / အကယ်၍ ဆက်စပ်မှုရှိပါက လွှဲပြောင်းပေးအပ်သူနှင့် သဘောတူညီချက်။ |
| ၃။ သက်သေခံအထောက်အထား အိတ်ထဲတွင် ထည့်ပါ။ | • အလုံပိတ်ထားနိုင်သော ပလပ်စတစ်အိတ်တစ်ခုတွင် သိမ်းပါ၊ အကယ်၍ စိုစွတ်မှုရှိပါက အက်ဆစ်ကင်းသော စက္ကူအိတ် သို့မဟုတ် သင့်လျော်ပါက ပုံးထဲတွင် သိမ်းပါ။ |

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ

© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ထိန်းသိမ်းမှု ကွင်းဆက်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၉-၂၀၁ ၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) - စီမံချက် ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံ အထောက်အထားအမျိုးအစားများ ၊ အခန်း (၁၃) - အချက် အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း ၊ နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှု ကွင်းဆက် ပုံစံ

## အုပ်ထိန်းမှုကွင်းဆက်ကို ထိန်းသိမ်းရန် အောက်ဖော်ပြပါအဆင့်များကို လိုက်နာရမည် -

### ၄။ အလုံပိတ်ခြင်းနှင့် လက်မှတ်ထိုးခြင်း

- သက်သေခံအထောက်အထားထည့်သည့် အိတ် / စာအိတ်ကို အလုံပိတ်ပြီး ၎င်းပေါ်တွင် လက်မှတ်ထိုးပါ။
- အိတ် / စာအိတ်ကို မည်သည့်အခါမျှ မဖွင့်ပါနှင့်။

### ၅။ မှတ်စုများ တွဲခြင်း။

- သက်သေခံအထောက်အထားထည့်သည့် အိတ် / စာအိတ်ကို မှတ်စုများတွဲပါ။

### ၆။ လွှဲပြောင်းပေးအပ်မှု မှတ်တမ်းကို ထိန်းသိမ်းပါ။

- စာရွက်စာတမ်း / ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ မှတ်တမ်းတစ်ခု ထားရှိပါ ၊ လွှဲပြောင်းမှုများကို အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းပါ။
- လွှဲပြောင်းခြင်းအတွက် ရက်စွဲ / အကြောင်းပြချက်ကို ဖော်ပြပါ ၊ ဘေးကင်းလုံခြုံ အောင်ထားပါ / သိုလှောင်ပါ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# ထိန်းသိမ်းမှု ကွင်းဆက်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း စာမျက်နှာ ၁၉၉-၂၀၁ ၊ အခန်း (၈) - ဘေးကင်းရေးနှင့် လုံခြုံရေး၊ အခန်း (၉) - စီမံချက်ရေးဆွဲခြင်း ၊ အခန်း (၁၀) - သက်သေခံ အထောက်အထားအမျိုးအစားများ ၊ အခန်း (၁၃) - အချက်အလက် သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်း ၊ နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှု ကွင်းဆက် ပုံစံ

ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားဆိုင်ရာ ပစ္စည်းများကို ကိုင်တွယ်ရသောအခါတွင် အောက်ဖော်ပြပါ နောက်ထပ်သတ်မှတ်ချက်များကို လိုက်နာပါ-

(၁) သက်ဆိုင်ရာ ပစ္စည်းအမျိုးအစားအလိုက် စုဆောင်းခြင်းနှင့် ထုပ်ပိုးခြင်းနည်းလမ်းများကို သတိပြုပါ (ဥပမာ - ကိုယ်ခန္ဓာမှ ထွက်ရှိလာသော အရည်များကို စုဆောင်းခြင်း / ထုပ်ပိုးနည်းသည် အဝတ်အစားတစ်ထည် သို့မဟုတ် စာရွက်စာတမ်းတစ်ခုကို လုပ်ဆောင်ခြင်းနှင့် ကွဲပြားမှုရှိသည်။) ၊

(၂) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် မည်မျှအကြာတွင် ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားကို တွေ့ရှိခဲ့သနည်း ၊ ရာဇဝတ်မှုကျူးလွန်မှုဖြစ်ပွားခဲ့သည့်နေရာနှင့် မည်မျှ နီးကပ်သနည်းနှင့် ၎င်းကို သင်မည်သို့ သိရှိခဲ့သနည်းတို့ကို မှတ်စုများတွင် ထည့်သွင်းဖော်ပြပါ။

(၃) ရုပ်ပိုင်းဆိုင်ရာ သက်သေခံအထောက်အထားတစ်ခုခုကို မစုဆောင်းမီ ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာအနီးရှိ မည်သည့်သက်သေများနှင့်မဆို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး၊ သဲလွန်စနောက်လိုက်ပါ။

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

JR